### (၈) အညိုရောင်အစင်းဒေါင်းနီးရွက်ခြောက်ရောဂါ (Brown stripe downy mildew of maize (

**ရောဂါဖြစ်စေသောသက်ရှိ - *Sclerophthora rayssiae* var. zeae Payak & Renfro**

**ရောဂါလက္ခဏာ**

အညိုရောင်အစင်းဒေါင်းနီးရွက်ခြောက်ရောဂါ၏ ထူးခြားချက်မှာ ရွက်ကြောများဖြင့် ကန့်သတ်ထားသော အစင်းကြောင်းများဖြစ်သည်။ ရောဂါသည် မြေမျက်နှာပြင်နှင့် နီးစပ်သော အောက်ဆုံးအရွက်တွင်ပထမဆုံးပေါ်လာသည်။ အထင်ရှားဆုံး လက္ခဏာမှာ အရွက်များပေါ်တွင် အစိမ်းရောင်ပြယ်နေသောအစင်းကြောင်းများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်းအစင်းကြောင်းများသည် နောက်ပိုင်းတွင် အညိုရောင်အစင်း ကြောင်း များအဖြစ်ပြောင်းသွားသည်။ အစင်းကြောင်းများ ပေါင်း စပ်မှုကြောင့် အရွက်တစ်ခုလုံး အညိုရောင် ရွက်ခြောက်အဖြစ်တွေ့ရသည်။ ဤအရွက်များတွင် အစင်းကြောင်းများဖြစ်ပေါ်မှု၏ အမြင့်ဆုံးအဆင့်ကို ပြသသည်။ အရွက်များအချိန်မတိုင်မီ ကြွေကျနိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါဒဏ်ခံနိုင်ရှိသောမျိုးကိုရွေးချယ်စိုက်ပါ။
- ပင်ခြေတွင်လေဝင်လေထွက်ကောင်းမွန်အောင်စိုက်ပျိုးပါ။
- ပိုတက်ရှ်မြေသြဇာကို မြေခံအဖြစ် မဖြစ်မနေထည့်ပေးပါ။
- ရောဂါကျရောက်ပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်း အသုံးပြုပါ။

Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)